[illegible]

**Karenni National Progressive Party (KNPP)**

**Headquarters**

P. O. Box 6, A. Muang, Mae Hong Son 58000, Thailand; Email: knpphq2013@gmail.com

Mobile phone: G.S. +66(0) 8 9553 1296, S.1 +66(0) 6 1313 7004, S.2 +66(0) 6 3074 9087

## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဌာနချုပ်၏ ၂၇၆၁ ခုနှစ် ကရင်နီအမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာ

ကရင်နီနှစ် ၂၇၆၁ ခုနှစ်၊ လဲပျာလ၊ လဆန်း (၁)ရက်နေ့၌ ကျရောက်တဲ့ နှစ်သစ် အခါ သမယမှာ ကရင်နီအမျိုးသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။

ကရင်နီအမျိုးသားတွေဟာ အာရှတိုက်၊ မွန်ဂိုးလီးယားနိုင်ငံ၊ ဂိုဘီသဲကန္တာရ နေရာဒေသကနေ ထွက်ခွာလာပြီး ကရင်နီပြည်တွင် ခရစ်တော်မပေါ်မီ (၇၃၉)ခုနှစ်မှ အခြေချနေထိုင်တဲ့ အချိန်ကစ ဒီနေ့အထိ ရေတွက်လိုက်ရင် နှစ်ပေါင်း ၂၇၆၁ နှစ် ရှိခဲ့ပြီး ဖြစ်ပါတယ်။ ကရင်နီအမျိုးသားတွေဟာ ယခုလက်ရှိ ကရင်နီပြည်ကို နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းကပင် အေးချမ်းစွာ ဝင်ရောက်အခြေချနေထိုင်လာခဲ့ကြပြီး သီးခြားလွတ်လပ်စွာ ကိုယ့်မင်း ကိုယ့်ချင်းနဲ့ နေထိုင်ခဲ့ကြတဲ့ လူမျိုးတွေလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ဗမာပြည်က ဗြိတိသျှအစိုးရဆီက ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ လွတ်လပ်ရေး ရပြီးတဲ့နောက်ပိုင်း ကျနော်တို့ ကရင်နီပြည်ကို ကျူးကျော်သိမ်းပိုက်လာခဲ့တာဖြစ်လို့ ကျနော်တို့ဟာ ဒီနေ့ ဒီအချိန်အထိ မိမိတို့ ဆုံးရှုံးသွားခဲ့ရတဲ့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် ဆိုတဲ့ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် တွေ ပြန်လည်ရရှိဖို့အတွက် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲလာခဲ့ရတာ ဖြစ်ပါတယ်။

ကျနော်တို့ဟာ ကရင်နီအမျိုးသားတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အမျိုးသားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အစရှိတဲ့ ပြဿနာအရပ်ရပ်ကို ဖြေရှင်းဖို့အတွက်လည်း ဗမာအစိုးရ အဆက်ဆက်နဲ့ နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းမှုတွေကို ပြုလုပ်ခဲ့ပေမဲ့ ဖြေရှင်းနိုင်ခဲ့ခြင်း မရှိပါဘူး။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက်ပိုင်း ကရင်နီအမျိုးသားတွေဟာ ကရင်နီပြည်တွင်းမှာ ဘေးဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရတဲ့အပြင် အကြမ်းဖက်စစ်တပ်ရဲ့ လူသားမဆန်စွာ ညှင်းပမ်းသတ်ဖြတ်မှုဒဏ်တွေကို ယနေ့အချိန်ထိ ခါးသည်းစွာ ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ကရင်နီအမျိုးသားတွေရဲ့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်နဲ့ ကရင်နီပြည်တွင်းက အကြမ်းဖက်စစ်တပ်ကို အမြန်ဆုံး မောင်းထုတ်နိုင်ဖို့ဟာ ကျနော်တို့အမျိုးသားတွေအတွက် လွန်စွာမှ အရေးကြီးနေတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်မှာ ကရင်နီအမျိုးသားတွေအားလုံး အမျိုးသားရေး၊ နိုင်ငံရေး နိုးကြားကြဖို့ လိုအပ်နေသလို အမျိုးသားရေးဆိုင်ရာ တာဝန်တွေကို ရောက်ရှိတဲ့နေရာမှာ တတ်နိုင်တဲ့ဖက်ကနေ တက်တက်ကြွကြွနဲ့ တာဝန်ထမ်းဆောင်ကြဖို့ လိုအပ်နေပါသည်။ ဒ့ါအပြင် ခိုင်မာတဲ့ အမျိုးသားရေးစိတ်ဓါတ်ကို အခြေခံပြီး မိမိတို့ရဲ့ ဘာသာစကား၊ စာပေယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတွေကို ထိန်းသိမ်း စောင့်ရှောက် မြှင့်တင်ကြဖို့ အထူးစီမံဆောင်ရွက်ဖို့ကိုလည်း လိုအပ်ကြောင်း တိုက်တွန်း ပြောကြားလိုပါတယ်။

နောက်ဆုံး ကျနော့်အနေနဲ့ အမျိုးသားတွေအားလုံးကို ဒီနှစ်သစ်အခါသမယမှာ နှစ်သစ် စိတ်သစ်နဲ့ ကရင်နီအမျိုးသားတွေရဲ့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် ရရှိရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍတွေမှာ ခွန်အားအပြည့်နဲ့ ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်း နိုးဆော်လိုက်ပါတယ်။

နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။

ပါတီဥက္ကဋ္ဌ
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ကရင်နီနှစ် ၂၇၆၁ ခုနှစ်၊ လဲပျာလ (၁)ရက်
ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်။